# အဌမအကြိမ်ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ (EPS-TOPIK) ကျင်းပမည့်
# စာစစ်ဌာန၊ နေ့ရက်၊ အချိန် ထုတ်ပြန်ကြေညာချက်

၁။ **စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာန**

- ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (U.C.S.Y) ၊ ရွှေပြည်သာမြို့နယ်
- ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ (W.Y.U)၊ထန်းတပင်မြို့နယ်

၂။ **စာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ လူဦးရေ၊ ခုံနံပါတ်နှင့်နေရာ**

| စဉ် | နေ့ရက် | အချိန် | | ဖြေဆိုရမည့် ခုံနံပါတ် | ဖြေဆိုရမည့် နေရာ |
|---|---|---|---|---|---|
| ၁။ | ၁၆-၅-၂၀၁၅ (စနေနေ့) နံနက်ပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၀၉;၃၀ နာရီ မှ ၁၀;၃၀ နာရီထိ | ၁၀၀၀၆၀၀၁ မှ ၁၀၀၀၇၆၀၀ ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀;၃၀ နာရီ မှ ၁၁;၄၀ နာရီထိ | ၁၀၀၁၂၄၁၆ မှ ၁၀၀၁၄၄၂၂ ထိ → | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၂။ | ၁၆-၅-၂၀၁၅ (စနေနေ့) မွန်းလွဲပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၁၄;၀၀ နာရီ မှ ၁၅;၀၀ နာရီထိ | ၁၀၀၀၇၆၀၁ မှ ၁၀၀၀၉၂၀၃ ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၅;၀၀ နာရီ မှ ၁၆;၁၀ နာရီထိ | ၁၀၀၁၄၄၂၃ မှ ၁၀၀၁၄၇၅၈ ထိ →<br>၁၀၃၀၀၀၀၁ မှ ၁၀၃၀၁၆၇၉ ထိ | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၃။ | ၁၇-၅-၂၀၁၅ (တနင်္ဂနွေနေ့) နံနက်ပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၀၉;၃၀ နာရီ မှ ၁၀;၃၀ နာရီထိ | ၁၀၀၀၉၂၀၄ မှ ၁၀၀၁၀၈၁၁ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၀;၃၀ နာရီ မှ ၁၁;၄၀ နာရီထိ | ၁၀၃၀၁၆၈၀ မှ ၁၀၃၀၃၆၉၅ထိ → | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |
| ၄။ | ၁၇-၅-၂၀၁၅ (တနင်္ဂနွေနေ့) မွန်းလွဲပိုင်း | ရှင်းလင်း ဆွေးနွေးချိန် | ၁၄;၀၀ နာရီ မှ ၁၅;၀၀ နာရီထိ | ၁၀၀၁၀၈၁၂ မှ ၁၀၀၁၂၄၁၅ထိ → | ရန်ကုန်ကွန်ပျူတာ တက္ကသိုလ် |
| | | ဖြေဆိုချိန် | ၁၅;၀၀ နာရီ မှ ၁၆;၁၀ နာရီထိ | ၁၀၃၀၃၆၉၆ မှ ၁၀၃၀၅၆၇၀ထိ → | ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် |

မှတ်ချက်။

(၁) ယှဉ်တွဲပါ ခုံနံပါတ်များအလိုက် သတ်မှတ်ထားသည့်တက္ကသိုလ်တွင်သာဖြေဆိုရပါမည်။

(၂) သတ်မှတ်ချက်နှင့် မကိုက်ညီ၍ စာမေးပွဲဖြေဆိုခွင့်မရှိသည့် လျှောက်လွှာနံပါတ် ၁၀၀၀၀၀၆၇၊ ၁၀၀၀၀၀၈၉၅၊ ၁၀၀၀၀၁၁၃၅၊ ၁၀၀၀၀၁၇၃၂၊၁၀၀၀၀၂၂၄၁၊ ၁၀၀၀၀၂၆၄၀၊ ၁၀၀၀၀၃၀၁၅၊ ၁၀၀၀၀၃၁၅၉၊ ၁၀၀၀၀၃၃၁၂၊ ၁၀၀၀၀၃၇၂၈၊ ၁၀၀၀၀၄၄၉၇ ၊ ၁၀၀၀၀၆၂၂၇၊ ၁၀၀၀၀၆၅၈၈၊ ၁၀၀၀၀၈၁၀၆၊ ၁၀၀၀၀၈၄၉၃၊ ၁၀၀၀၀၈၇၈၆၊ ၁၀၀၀၀၉၇၂၇၊ ၁၀၀၀၁၃၉၀၉၊၁၀၀၀၁၀၄၉၃ ၊ ၁၀၀၀၁၄၇၁၅၊ တို့ဖြစ်ပါသည်။

(၃) စာမေးပွဲဖြေဆိုခွင့်မရှိသူ(၂၀)ဦးစလုံး၏ လျှောက်လွှာကြေးများအား အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီရုံး၌ တစ်လအတွင်းအမြန်ဆုံးပြန်လည်ထုတ်ယူရန် အသိပေးအပ်ပါသည်။

(၄) ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ(၂၆)ရက်နေ့မှ (၂၈)ရက်နေ့ထိဆောက်လုပ်ရေးလုပ်ငန်းအတွက် စာမေးပွဲလျှောက်လွှာတင်ထားသည့် လျှောက်လွှာအမှတ်စဉ် ၁၀၀၀၀၀၀၁ မှ ၁၀၀၀၅၆၇၀ အထိလျှောက်ထားခဲ့သူများသိရှိရန်မှာယခင်လျှောက်လွှာအမှတ်စဉ်၏ ရှေ့ဂဏန်းသုံးလုံး "၁၀၀" အစား "၁၀၃" ဟုပြောင်းလဲသတ်မှတ်ထားပါ၍ ဥပမာ(၁၀၀၀၀၀၀၁ = ၁၀၃၀၀၀၀၁) " ၁၀၃" ၏နောက်ဂဏန်းများကိုကြည့်ရှုပေးပါရန်အသိပေးအပ်ပါသည်။

## ဖြေဆိုသူများသတိပြုလိုက်နာရန် -

(၁) စာမေးပွဲဖြေဆိုမည့်သူများအားရှင်းလင်းဆွေးနွေးပညာပေးခြင်းရှိပါသဖြင့် နံနက်ပိုင်းတွင် ဖြေဆိုမည့်သူများသည် နံနက် ၉:၃၀ နာရီတွင်လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဖြေဆိုမည့်သူများသည် မွန်းလွဲ ၁၄:၀၀ နာရီတွင်လည်းကောင်းသက်ဆိုင်ရာစာမေးပွဲခန်းသို့ ဝင်ရောက်နေရာယူပြီးဖြစ်ရမည်။ ဤသတ်မှတ်ချိန်ထက်နောက်ကျပါကစာမေးပွဲဝင်ရောက်ဖြေဆိုခွင့်ပြုမည်မဟုတ်ပါ။

(၂) လျှောက်လွှာနံပါတ် (စာမေးပွဲခုံနံပါတ်) အလိုက်ဖြေဆိုရမည့် အခန်းနံပါတ်များကိုဖြေဆိုမည့်နေ့တွင် ဖြေဆိုရမည့်စာစစ်ဌာန၌ ကြေညာထားပါမည်။ သတ်မှတ်ထားရှိသော စာစစ်ဌာနနှင့် ဖြေဆိုရမည့် အချိန်၌သာ ဖြေဆိုခွင့်ပြုမည်ဖြစ်သဖြင့် မိမိဖြေဆိုရမည့် စာစစ်ဌာနနှင့် ဖြေဆိုရမည့်အချိန်ကိုဂရုတစိုက်ကြည့်ရှုမှတ်သားရန် လိုပါသည်။

(၃) စာမေးပွဲဖြေဆိုမည့်နေ့ရက်တွင် စာမေးပွဲမေးခွန်းလွှာနှင့် အဖြေလွှာကိုတစ်ဦးလျှင် တစ်စုံသာလက်ခံရရှိမည်ဖြစ်ပြီးစာမေးပွဲအဖြေလွှာပေါ်တွင် ဖြေဆိုသူ၏ အမည်၊ စာမေးပွဲဖြေဆိုခွင့်၊ နံပါတ်၊ မေးခွန်းလွှာ အမျိုးအစားများအားပုံနှိပ်ထားရှိပြီးဖြစ်ပါသည်။

- ဖြေဆိုသူသည်စာမေးပွဲဖြေဆိုလွှာ လက်ခံရရှိသည်နှင့်မိမိ၏အမည်နှင့် စာမေးပွဲဖြေဆိုခွင့်နံပါတ်အားစစ်ဆေးရန်နှင့် လက်ခံရရှိသောမေးခွန်းလွှာသည် အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မေးခွန်းအမျိုးအစား (A,B,C or D) မှ တူညီသောအမျိုးအစားမေးခွန်းလွှာဟုတ်၊ မဟုတ်သေချာစွာကြည့်ရှုလက်ခံရန် လိုပါသည်။
- မေးခွန်းလွှာနှင့် အဖြေလွှာအမျိုးအစားမှားယွင်းစွာဖြေဆိုမိ၍ ဖြစ်ပေါ်လာသည့် ပြဿနာ အဝဝသည် ကာယကံရှင်၏ တာဝန်သာဖြစ်ပါသည်။သို့ဖြစ်ပါ၍ လက်ခံရရှိသောမေးခွန်းလွှာအမျိုးအစားနှင့် အဖြေလွှာအမျိုးအစားတူညီမှုရှိ၊မရှိကိုစာမေးပွဲစတင်မဖြေဆိုမီအထူးသတိပြုစစ်ဆေးရပါမည်။

(၄) စာမေးပွဲဖြေဆိုသူများအားထုတ်ပြန်ကြေငြာထားသည့်သတ်မှတ်နေရာ၊ နေ့ရက်နှင့် အချိန်မှလွဲ၍ အခြားနေရာ၊ နေ့ရက်၊အချိန်တို့သို့ပြောင်းရွှေ့ဖြေဆိုခွင့်မပြုပါ။

(၅) စာမေးပွဲဖြေဆိုသူသည် နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား၊ နိုင်ငံကူးလက်မှတ်မူရင်းစသည်တို့ ယူဆောင်လာရမည်။ စာမေးပွဲဖြေဆိုချိန်တွင် ဖြေဆိုသူတစ်ဦးစီအားစာမေးပွဲအခန်းကြီးကြပ်သူနှင့် ကိုရီးယားသမ္မတနိုင်ငံလူ့စွမ်းအားဖွံ့ဖြိုးမှုရုံးအဖွဲ့တို့မှ သက်သေခံကတ်ပြားများကိုစစ်ဆေးပါမည်။

(၆) စာမေးပွဲဖြေဆိုမည့်နေ့တွင် ဖြေဆိုသူတစ်ဦးစီကို စာမေးပွဲမေးခွန်းတစ်စုံနှင့် ဖြေဆိုမည့်သူ၏အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ်ပါရှိသောအဖြေလွှာကိုဖြန့်ဝေပါမည်။ လျှောက်ထားသူသည် စာမေးပွဲမဖြေဆိုမီ အဖြေလွှာပေါ်တွင် ပုံနှိပ်ထားသော မိမိ၏အမည်၊ မွေးသက္ကရာဇ်၊ စာမေးပွဲခုံနံပါတ် တို့ကိုစစ်ဆေးရပါမည်။ စာမေးပွဲအဖြေလွှာပေါ်တွင် ဖြည့်သွင်းထားသော အချက်အလက်များသည် မိမိ၏နိုင်ငံကူးလက်မှတ်တွင် ပါရှိသည့်အချက်အလက်များနှင့်ကွဲလွဲပါကတစ်ပါတည်းပြင်ဆင်သွားနိုင်ရန်စာမေးပွဲခန်းကြီးကြပ်သူမှတစ်ဆင့် တာဝန်ရှိသူတို့ထံအကြောင်းကြားရမည်။ ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါကနောင်တွင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ပြီးမှ အချက်အလက်များကွဲလွဲမှုကြောင့် ပေါ်ပေါက်လာမည့်အခက်အခဲများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်းအသိပေးအပ်ပါသည်။

(၇) ဖြေဆိုသူတစ်ဦးလျှင် အဖြေလွှာတစ်စောင်သာထုတ်ပေးမည်ဖြစ်ပြီးအဖြေလွှာပေါ်တွင် ဖြေဆိုထားပြီးအဖြေများအားပြင်ဆင်ခြင်း၊ ဖျက်ခြင်းပြုလုပ်ပါကမှားယွင်းသောအဖြေအဖြစ် သတ်မှတ်မည်။

(၈) အဖြေလွှာပေါ်တွင် အနက်ရောင်ဖောင်တိန် (သို့)အနက်ရောင် ဘောလ်ပင်ကိုသာသုံးရမည်။ ခဲတံ၊ အခြားသော ဘော(လ်)ပင်အရောင်များကိုသုံးပါကမှားယွင်းသောအဖြေလွှာအဖြစ် သတ်မှတ်မည်။

(၉) စာမေးပွဲဖြေဆိုချိန် မပြီးမီ၊ စာမေးပွဲခန်းမအတွင်းမှ ထွက်ခွာခြင်းနှင့် သန့်စင်ခန်းသွားခြင်းခွင့်မပြုပါ။

(၁၀) စာမေးပွဲဖြေဆိုမည့်သူများသည် လက်ကိုင်တယ်လီဖုန်း၊ အခြားသောလျှပ်စစ်သုံးကိရိယာများကို စာမေးပွဲဖြေဆိုရာတွင် ယူဆောင်လာခွင့်မရှိပါ။ စာမေးပွဲဖြေဆိုချိန်တွင် အဆိုပါစက်ကိရိယာများအသုံးပြုခြင်း၊ ယူဆောင်လာခြင်းတွေ့ရှိပါကလိမ်လည်ဖြေဆိုသည်ဟုသတ်မှတ်မည်။

(၁၁) စာမေးပွဲဖြေဆိုသူသည် မမှန်ကန်သည့်အပြုအမူများဆောင်ရွက်ခဲ့လျှင် စာမေးပွဲဖြေဆိုမှုအားရုပ်ဆိုင်း၍ ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲဖြေဆိုခွင့်အား(၂)နှစ် ပိတ်ပင်ခြင်းခံရမည်။

(၁၂) စာမေးပွဲဖြေဆိုရာတွင် အမျိုးသားယဉ်ကျေးမှုနှင့်အညီဝတ်စားဆင်ယင်ရမည်။

**စာမေးပွဲနှင့်ပတ်သက်၍ သိလိုသောအချက်များရှိပါကအောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။**

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**

**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**

**အမှတ်(၈/၁)နဂါးရုံဘုရားလမ်း၊(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့**

**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**